## Evaluation Workshop on Performance of Medical Social Workers

## အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ခြင်း

### ရည်ရွယ်ချက်

တိုင်းဒေသကြီး/ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးလူမှုဆက်ဆံရေး ဝန်ထမ်းတို့၏ (၃)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆေးလူမှုဆက်ဆံရေး လုပ်ငန်းများ အား ဆန်းစစ်ရန်၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ၏ အရည်အသွေး၊ အရည်အချင်းနှင့် ကျွမ်းကျင်မှု တိုးတက်မြင့်မားလာစေရန်၊ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများတွင် ပြည်သူလူထု အပါအဝင် အစိုးရဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGOs)များ၊ စေတနာရှင်၊ အလှူရှင်နှင့် နီးနွယ်ဆက်စပ်သော ဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန်၊ ဆေးလူမှု ဆက်ဆံရေး ဝန်ထမ်းများအချင်းချင်း တွေ့ဆုံ၍ အကြံဉာဏ်များ၊ အတွေ့အကြုံများဖလှယ်၍ တွေ့ကြုံရသည့် အခက်အခဲများဖြေရှင်းနိုင် မည့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်တက်လာစေရန် လုပ်ငန်းများကို ခေတ်စနစ်နှင့်အညီတိုးတက် ပြောင်းလဲလာစေရန်၊ စနစ်တကျပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အခြားသော ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လျှင်မြန်လွယ်ကူ အဆင်ပြေစေရန်၊ ဆေးလူမှုဆက်ဆံရေး ဝန်ထမ်းအချင်းချင်းတွေ့ဆုံ၍ ကောင်းမွန်သည့် နည်းလမ်းများ ဖော်ထုတ်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။